



# Count me in!

## 2020 သန်းခေါင်စာရင်းမှ ကြိုဆိုပါသည်




### လူတိုင်း အရေးကြီးသည်။

ဤသန်းခေါင်စာရင်း၏ ရည်ရွယ်ချက်မှာ အမေရိကန်ပြည်ထောင်စုတွင် အသက်ရှင်လျက် နေထိုင်သောသူတိုင်းကို မှန်ကန်သောနေရာတွင် တစ်ကြိမ်တစ်ခါတည်းသာ ရေတွက်ရန် ဖြစ်ပါသည်။ သင့်လူမှုအသိုင်းအဝိုင်းအတွင်းရှိ လူတိုင်းကို ရေတွက်ခံရကြောင်း သေချာစေရန် သင့်အကူအညီကို လိုအပ်ပါသည်။




### သန်းခေါင်စာရင်း အချက်အလက်များသည် အရေးကြီးပါသည်။

အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ သန်းခေါင်စာရင်းကို 10 နှစ်လျှင်တစ်ကြိမ် ကောက်ယူရန် လိုအပ်ပါသည်။ ရလဒ်များကို ကွန်ဂရက်တွင် ပြည်နယ်တစ်ခုစီ၏ နေရာအရေအတွက်ကို ဆုံးဖြတ်ရန်၊ မဲပေးခြင်း ခရိုင်များအတွက် နယ်စည်းများကိုဆွဲရန်နှင့် တစ်နှစ်စီအတွက် ဖက်ဒရယ်အစိုးရရန်ပုံငွေဖြစ်သော $675 ဘီလီယံကျော်အား လူမှုအသိုင်းအဝိုင်းများတွင် အသုံးပြုပုံကို ဆုံးဖြတ်ရန်တို့အတွက် အသုံးပြုပါသည်။



### ပါဝင်ဆောင်ရွက်ရန်မှာ သင်၏ ပြည်သူ့တာဝန် ဖြစ်ပါသည်။

သန်းခေါင်းစာရင်းကို ဖြည့်ရန် လိုအပ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ ဒီမိုကရေစီစနစ်တွင် ပါဝင်ပြီး "ကျွန်ုပ်သည် အရေးပါသည်"ဟု ပြောကြားရန် နည်းလမ်းတစ်ခု ဖြစ်သည်။



### သင့်သတင်းအချက်အလက်ကို လျှို့ဝှက်ထားပါသည်။

သင့်အဖြေများကို ဖက်ဒရယ်ဥပဒေက ကာကွယ်ပေးပါသည်။ သင့်အဖြေများကို ကိန်းဂဏန်းအချက်အလက်များ ရရှိရန်အတွက်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး မည်သည့်အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးကမျှ သင့်ကိုဆန့်ကျင်ရန် အသုံးမပြုနိုင်ပါ။

United States® Census 2020

### အွန်လိုင်းတွင် ဖြေဆိုနိုင်သည်ကို သင်သိပါသလား။

2020 သန်းခေါင်စာရင်းကို အွန်လိုင်းတွင် သင်ဖြည့်နိုင်ပါက စစ်တမ်းမေးခွန်းလွှာပေါ်တွင် ပုံနှိပ်ထားသော URL သို့ သွားပါ။

For more information, visit:

**2020CENSUS.GOV**

INDIANA FAMILY & SOCIAL SERVICES ADMINISTRATION

FSSA

United States® Census 2020